
စိတ်ကူးချိုချိုအနုပညာ

ဖိလစ်ပိုင်ကလေးငယ်များအကြိုက်

# ရိုးရာပုံပြင်များ

မမကြီး

မြန်မာပြန်ဆိုသည်



mgyoe.com



ဖိလစ်ပိုင်ကလေးငယ်များအကြိုက်

# ရိုးရာပုံပြင်များ

ခြင်တွေကဘာကြောင့် ကျွန်ုပ်တို့ရဲ့နားနားမှာ
တကျည်ကျည်အော်မြည်ကြတာလဲ

ကြောက်စရာကောင်းတဲ့ ဘီလူးကြီး

ရသေ့အိုနှင့် တီနစ်ကောင်

မိုးနဲ့လေတို့ စစ်ပွဲ

အလန်ဆီနာ

ခမ်းနားတဲ့ ရွှေစားသောက်ပွဲ

ထွက်ပြေးရရှာတဲ့ ဒုက္ခသည်ကလေးနှစ်ယောက်

မော်ဝင်ရေကန်

သမင်နဲ့ ခရုပက်ကျိ

ပန်းကလေးများရဲ့တံတား

ကြက်ဖ ဘာကြောင့်တွန်ရတယ်

ပင်လယ်နှင့် ကောင်းကင်တို့၏ စစ်ပွဲ

အိမ်ရှေ့စံရဲ့သတို့သမီး

**ဖိလစ်ပိုင်ရိုးရာပုံပြင် ၁၃ ပုဒ် ပါဝင်သည်။**





MMG0082
1,300.00 KS

mgyoe.com

ဖိလစ်ပိုင်ကလေးငယ်များအကြိုက်ရိုးရာပုံပြင်များ။ မမကြီး
စာမျက်နှာ ၁၃၈ မျက်နှာ၊ ၁၂·၈စင်တီ× ၁၈·၅စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းဟာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၇၊ မတ်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁၃၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

ဖိလစ်ပိုင်ကလေးငယ်များအကြိုက်

# ရိုးရာပုံပြင်များ

## မမကြီး

မြန်မာပြန်

ပထမအကြိမ်၊ ၂၀၀၅

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com




ဖိလစ်ပိုင်ကလေးငယ်များအကြိုက်

# ရိုးရာပုံပြင်များ

မမကြီး

မြန်မာပြန်ဆိုသည်

mgyoe.com


mgyoe.com

mgyoe.com

# မာတိကာ


၁။ ခြင်တွေကဘာကြောင့် ကျွန်ုပ်တို့ရဲ့နားနားမှာ
တကျည်ကျည်အော်မြည်ကြတာလဲ ၅
၂။ ကြောက်စရာကောင်းတဲ့ ဘီလူးကြီး ၁၉
၃။ ရသေ့အိုနှင့် တီနှစ်ကောင် ၂၈
၄။ မိုးနဲ့လေတို့ စစ်ပွဲ ၃၇
၅။ အလန်ဆီနာ ၄၅
၆။ ခမ်းနားတဲ့ ရွှေစားသောက်ပွဲ ၅၅
၇။ ထွက်ပြေးရရှာတဲ့ ဒုက္ခသည်ကလေးနှစ်ယောက် ၆၁
၈။ မှော်ဝင်ရေကန် ၇၅
၉။ သမင်နဲ့ခရုပက်ကျိ ၈၄
၁၀။ ပန်းကလေးများရဲ့တံတား ၉၇
၁၁။ ကြက်ဖ ဘာကြောင့် တွန်ရတယ် ၁၀၇
၁၂။ ပင်လယ်နှင့် ကောင်းကင်တို့၏ စစ်ပွဲ ၁၁၇
၁၃။ အိမ်ရှေ့စံရဲ့ သတို့သမီး ၁၂၄


mgyoe.com

mgyoe.com

mgyoe.com

mgyoe.com


# ခြင်တွေက ဘာကြောင့် ကျွန်ုပ်တို့ရဲ့ နားနားမှာ တကျည်ကျည် အော်မြည်ကြတာလဲ



ရှေးရှေးတုန်းက စပါးစိုက်ခင်းတွေကနေ သိပ်မဝေးတဲ့ငါးကန် တစ်ကန်မှာ မီဂါလို့အမည်ရှိတဲ့ ကဏန်းကြီးတစ်ကောင် နေသတဲ့။ မီဂါက သာမန်ရိုးရိုးကဏန်းတစ်ကောင်မဟုတ်ပါဘူး။ သူက ကဏန်းအားလုံးရဲ့ဘုရင်ဖြစ်တာကြောင့် သူ့ကို ကျန်တဲ့ကဏန်း တွေ အားလုံးက ကြောက်ရတယ်လေ။

မီဂါက အမြဲတမ်းလိုလို စိတ်တိုနေတတ်တယ်။ သူ့ခန္ဓာကိုယ် အရွယ်အစားကလည်း သူ့ဝမ်းကွဲညီအစ်ကိုတွေထက် နှစ်ဆလောက် ကြီးမားသတဲ့။

မီဂါဒေါသထွက်လာပြီဆိုရင် သူ့ရဲ့လက်မကြီးတွေကို တကျွတ်ကျွတ်မြည်သံပေးပြီး လှုပ်ရှားတတ်တယ်။ ဒီအခါ

mgyoe.com

mgyoe.com


ငါးတွေ၊ ပိုးစုန်းကြူးတွေ၊ တီကောင်၊ ဖား၊ ခြင်၊ ခရု၊ ပက်ကျိတွေနဲ့ ငှက်တွေ အားလုံးကြောက်ပြီး အဝေးကိုထွက်ပြေးတတ်ကြတယ်။

တစ်ညမှာတော့ မီဂါက ကောင်းကောင်းအိပ်မပျော်ပါဘူး။ ဒါဟာ သာမန်မဟုတ်တဲ့ အခြေအနေတစ်ခုပေါ့။ မီဂါ အိပ်ပျော်ဖို့ အတွက် ဒုက္ခရောက်နေရတာကို ရေကန်တိုင်းပြည်မှာရှိတဲ့သူ အားလုံးက သိထားကြတယ်။

မီဂါ အိပ်ပျော်နေတုန်း သွားနှူးမိရင် သူက ဒေါသထွက်တတ် တာကိုလည်း အားလုံးက သိကြသတဲ့။

အိပ်လို့မပျော်တဲ့ အဲဒီနေ့ညမှာတော့ မီဂါဟာ အိမ်ထဲကို ဝင်လိုက်၊ အပြင်ကိုပြန်ထွက်လိုက်နဲ့ အငြိမ်မနေဘဲ လှုပ်ရှားနေ လိုက်တယ်။ သူအိပ်ပျော်နိုင်ဖို့ သူ့ကိုယ်သူ ပင်ပန်းသွားအောင် ကြိုးစားနေတာပါ။

မီဂါနေတဲ့အိမ်က ရွှံ့တောထဲက တွင်းတစ်တွင်းဖြစ်ပြီး အဲဒီ တွင်းက နက်ရှိုင်းပြီးမည်းမှောင်နေတဲ့ မြေအောက်ဥမင်လိုဏ်ခေါင်း ဆီ ဦးတည်နေသတဲ့။

နောက်ဆုံးမှာတော့ မီဂါဟာ သူ့ရဲ့အိပ်ပျော်မယ့်အစီအစဉ်ကို လက်လျှော့လိုက်ပြီး သူ့ရဲ့သက်တော်ရှည်ကိုယ်ရေးအရာရှိကြီးဆီ က အကူအညီရယူဖို့ ဆုံးဖြတ်ချက်ချလိုက်တယ်။

မီဂါရဲ့ကိုယ်ရေးအရာရှိကြီးက အနီးနားမှာရှိတဲ့ ကဏန်းတွင်း ထဲမှာပဲနေတာပါ။ မီဂါက တိတ်ဆိတ်ပြီး မည်းမှောင်နေတဲ့ ညည့် နက်နက်မှာ သူ့ရဲ့စူးရှအက်ကွဲတဲ့အသံနဲ့ "ကဂမ်း၊ ကဂမ်း" ဆိုပြီး သူ့အရာရှိကြီးရဲ့နာမည်ကို အော်ခေါ်လိုက်တယ်။ ခဏအကြာမှာ တော့ မီဂါရဲ့ဘေးကို ကဂမ်းရောက်လာတယ်။ ကဂမ်းဟာ

mgyoe.com

mgyoe.com


ဘုရင့် ကိုယ်ရေးအရာရှိဖြစ်နေပေမဲ့ အသက်အရွယ်က အိုမင်းလှပြီး သူ့အခွံကလည်း ပျက်စီးလွယ်တဲ့၊ ကျွတ်ဆတ်တဲ့ အနေအထားကို ရောက်နေပါပြီ။ သူ့အနေနဲ့ တီကောင်တစ်ကောင်ကိုတောင် အသာစီးရနိုင်ဖို့တောင် ခပ်ခက်ခက် ဖြစ်နေပါပြီ။

"အမိန့်ရှိတော်မူပါ မင်းကြီး။ ကျွန်တော်မျိုး အရှင့်အတွက် ဘာများကူညီဆောင်ရွက်ပေးရပါ့မလဲ"လို့ ကဂမ်းက သူ့ရဲ့ ဦးမှင်တွေကို ဆတ်ခနဲတွန့်ရင်းနဲ့ လျှောက်တင်လိုက်တယ်။

"အိမ်း . . .ရှိသမျှ ဖားတွေအားလုံးကိုရှာပြီး ဒီကို တစ်ခါတည်း စုပြီးခေါ်လာခဲ့။ ငါ ကိုယ်တော်မြတ် အိပ်လို့မပျော်ဘူး။ သူတို့အားလုံးကို ငါ့အတွက် သီချင်း ဆိုပြခိုင်းရမယ်"မီဂါက အခုလို စိတ်ဆိုးနေတဲ့လေသံနဲ့ ပြောလိုက်တယ်။

ခဏအကြာ မီဂါက အိမ်ကိုပြန်သွားပြီး ဖားတွေရဲ့သီချင်းသံတွေကို နားဆင်လိုက်သတဲ့။

"ကိုကက် . . . ကိုကက်
ခုံမှာကျောမှီထိုင် . . . ခုံမှာကျောမှီထိုင်လိုက်၊
ဘလီဒိ . . . ဘလီဒိ
အခုအိပ်ပျော်အောင် အိပ်ပါတော့ . . . အခု အိပ်ပျော်အောင် အိပ်တော့"ဖားတွေအားလုံးက အခုလို သံပြိုင်တေးသီဆိုပြီး မီဂါ အိပ်ပျော်အောင် လုပ်လိုက်ကြတယ်။

မကြာခင်မှာပဲ မီဂါတစ်ယောက် အရမ်းကို အိပ်မောကျသွားပါတော့တယ်။ မီဂါက အိပ်မောကျသွားတာကြောင့် တခေါခေါ တခူးခူး မြည်သံပေးပြီး ကျယ်လောင်စွာ ဟောက်နေပါတော့တယ်။

ဒီအချိန်မှာ ကဂမ်းလည်း နည်းနည်းတော့ အိပ်ငိုက်လာတယ်။

mgyoe.com

mgyoe.com


က ပုန်းနဲ့ နေလိုက်ကြသတဲ့။

နောက်တစ်နေ့ နံနက်စောစော နေထွက်လာချိန်မှာ မီဂါက အထူးအစည်းအဝေးကျင်းပဖို့ ဖားတွေအားလုံးကို စုဝေးပေးရမယ် လို့ ကဂမ်းကို အမိန့်ပေးလိုက်တယ်။

"မင်းတို့ မနေ့ညက ဘာလို့ အရမ်းကိုဆူညံပွက်လောရိုက်နေ ကြတာလဲ"လို့ မီဂါက ဖားတွေကို ဟိန်းဟောက်လိုက်တယ်။ ပြီးတော့ သူ့လက်မကြီးတွေကို တကျွတ်ကျွတ်မြည်အောင် လှုပ်ရှား ပြီး ဖားတွေ အနီးကိုတဖြည်းဖြည်းတိုးလာသတဲ့။ ဖားတွေက ကြောက်လွန်းတာကြောင့် တစ်ကောင်နဲ့တစ်ကောင် ဖက်တွယ် ထားကြတယ်။ သူတို့တစ်ကိုယ်လုံးလည်း ကြောက်စိတ်ကြောင့် တုန်ယင်နေကြတာပေါ့။ မီဂါက သူ့လက်မကြီးတွေကို ခေါင်း အပေါ်ဘက် မြင့်မြင့်အထိ ထောင်လိုက်ပြီး . . .

"ငါက ဘုရင်ပဲ၊ ငါအိပ်ပျော်နေတဲ့အချိန် မင်းတို့ ဘယ်တော့မှ လာပြီး မနှောင့်ယှက်ကြနဲ့။ ကြားကြလား"လို့ ဖားတွေကို ဟိန်း ဟောက်အမိန့်ပေးလိုက်တယ်။ ဖားတွေက တစ်ကောင်နဲ့တစ် ကောင်ကြည့်ပြီး စိုးရိမ်ထိတ်လန့်နေကြတာပေါ့။

ဒီလိုနဲ့ နောက်ဆုံးမှာ ရဲစွမ်းသတ္တိနဲ့ပြည့်စုံတဲ့ ဖားတစ်ကောင် က ရှေ့ကိုထွက်လာပြီး ယဉ်ကျေးနိုင်သမျှ ယဉ်ကျေးစွာနဲ့ မီဂါကို အခုလို လျှောက်တင်လိုက်တယ်။

"အရှင်မင်းကြီး၊ ခရုပက်ကျိတစ်ကောင်ဟာ သူ့အိမ်ကို ပခုံး ပေါ်ထမ်းပြီး သွားနေတာကို ကျွန်တော်မျိုးတို့ သူငယ်ချင်းတွေက တွေ့လို့ ရယ်မောမိပါတယ် ဘုရား" အဲဒီလိုလျှောက်တင်တဲ့ဖားကို မီဂါက စူးစူးရဲရဲကြည့်လိုက်တယ်။

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com


ဒါကိုလျှောက်တင်တဲ့ဖားက မီဂါရဲ့အကြည့်ကိုရှောင်ပြီး မျက်လွှာချထားလိုက်တယ်။ ဒါဟာ မီဂါကို စိန်ခေါ်ဖို့ ပိုကောင်းတဲ့ အကွက်ပဲဆိုတာကို သတ္တိရှိတဲ့ဖားက ကောင်းကောင်းသိနေသတဲ့။

မီဂါက ခေါင်းကို တဆတ်ဆတ်ညိတ်လိုက်ပြီး "ငါ သိပြီ။ ခရုပက်ကျိက မင်းတို့ဖားတွေအားလုံးကို ရယ်မောအောင် လုပ်တယ်ပေါ့ ဟုတ်လား" လို့ ပြောလိုက်တာနဲ့ ဖားတွေကလည်း "ဟုတ်ပါတယ် မင်းကြီး"လို့ တညီတညာတည်း ပြန်ဖြေလိုက်ကြတယ်။

နောက်တော့ မီဂါက သူ့နှုတ်ခမ်းစိုစွတ်နူးညံ့သွားအောင် လျှာနဲ့အသာတို့ထိလိုက်ပြီး အခုလိုပြောလိုက်တယ်။

"ဒီတစ်ကြိမ်တော့ ရှိစေတော့။ မင်းတို့ကို ငါတောင်းပန်ပါတယ်။ ဒါပေမဲ့ နောက်တစ်ကြိမ်ဆိုရင်တော့လား မင်းတို့ အားလုံး ငါ့ရဲ့လက်မနဲ့ အဖြတ်ခံရပြီသာမှတ်"

ခဏအကြာ မီဂါက သူ့ရဲ့သက်တော်ရှည်ကိုယ်ရေးအရာရှိဖြစ်တဲ့ ကဂမ်းဘက်ကိုလှည့်လိုက်ပြီး အခုလို အမိန့်ပေးလိုက်တယ်။

"အဲဒီ ခရုပက်ကျိကို ချက်ချင်းဖမ်းလာစေချင်တယ်။ ဒါ အမိန့် ပဲ"

နှစ်နာရီလောက်ကြာတဲ့အချိန်မှာ ကဂမ်းက ခရုပက်ကျိနဲ့အတူ ပြန်ရောက်လာခဲ့တယ်။ ခရုပက်ကျိက မီဂါရဲ့ကြီးမားတဲ့ လက်မကြီးတွေကိုတွေ့တာနဲ့ တစ်ကိုယ်လုံးတုန်နေအောင် ကြောက်သွားရှာတယ်။

ခရုပက်ကျိ ကြောက်လန့်ရလောက်အောင် မီဂါရဲ့လက်မကြီးတွေကလည်း တကျွတ်ကျွတ်အသံမြည်အောင် လှုပ်ရှားပြနေ

mgyoe.com

mgyoe.com


တာပေါ့။

မီဂါက သူ့ရဲ့လက်မကြီးတစ်ချောင်းနဲ့ ခရုပက်ကျိဆီကို ထိုးချိန်လိုက်ပြီး . . .

"မင်း မနေ့ညတုန်းက ဘာကြောင့် မင်းအိမ်ကို ပခုံးပေါ်တင်ပြီး လျှောက်သွားနေရတာလဲ"လို့ မေးလိုက်တယ်။

ဒီအခါ ကြောက်လန့်နေတဲ့ ခရုပက်ကျိက စကားအထစ်ထစ်အငေါ့ငေါ့နဲ့ အခုလိုပြန်ရှင်းပြတယ်။

"ဒီလိုပါ မင်းကြီး၊ ပိုးစုန်းကြူးတစ်ကောင် ကျွန်တော်မျိုးရဲ့အိမ်နဲ့ အနီးကပ်ဆုံးနေရာမှာ လာကစားတယ်။ သူ့ကြောင့် ကျွန်တော့်အိမ် မီးလောင်မှာကို ကြောက်သွားခဲ့ပါတယ်"

ခရုပက်ကျိ ပြောပြတာတွေကို နားထောင်ပြီး မီဂါက ခဏအကြာလောက် တိတ်တိတ်ဆိတ်ဆိတ်ပဲနေလိုက်တယ်။ ပြီးမှ အခုလိုပြောလိုက်တယ်။

"အေး ငါသိပြီ။ မင်းရဲ့ အိမ်နဲ့ပစ္စည်းတွေကို ကျောပေါ်တင်ပြီး လျှောက်သွားရအောင် လုပ်တဲ့သူက ပိုးစုန်းကြူးပဲပေါ့ ဟုတ်လား"

မီဂါက သူ့ရဲ့ကိုယ်ရေးအရာရှိ ကဂမ်းဘက်ကို လှည့်လိုက်တယ်။

ကဂမ်းက ခရုပက်ကျိရဲ့အနားမှာ စောင့်ကြပ်ဖို့မတ်တတ်ရပ်နေတယ်။

"မောင်မင်း သူပြောတာကိုယုံလား"

မီဂါက ကဂမ်းကို မေးလိုက်တယ်၊

သက်တော်ရှည်ကိုယ်ရေးအရာရှိကြီး ကဂမ်းက ခေါင်းညိတ်ပြရင်း . . .

mgyoe.com

mgyoe.com


"သူ အမှန်တွေပြောပြနေတာလို့ ထင်ပါတယ်မင်းကြီး" လို့ပြန်ပြောလိုက်တယ်။

"ကောင်းပြီလေ၊ ဒါဆိုရင် ခရုပက်ကျိကို ပြန်လွှတ်ပြီး အဲဒီပိုးစုန်းကြူးကို ဖမ်းခေါ်လာခဲ့။ အခုချက်ချင်း အဲဒီပိုးစုန်းကြူးကောင်ကို ဖမ်းလာခဲ့တော့" မီဂါက ဒေါသကြောင့် သူ့လက်သည်းချွန်ကြီးတွေကို ဆန့်ငင်ဆန့်ငင်လုပ်ရင်း အမိန့်ပေးလိုက်တယ်။

မွန်းလွဲပိုင်းမှာ ကဂမ်းပြန်ရောက်လာတယ်။

ပိုးစုန်းကြူးကတော့ ကြောက်ကြောက်လန့်လန့်နဲ့ တောင်ပံတဖျတ်ဖျတ်ခတ်ရင်း သူ့ဘေးကနေ ပါလာတယ်။

ပိုးစုန်းကြူးမက တုန်တုန်ယင်ယင်နဲ့ "ကျွန်မ ကျိန်ပြောရဲပါတယ်ရှင်။ ကျွန်မ ဘာအမှားမှ မလုပ်ခဲ့ပါဘူး"လို့ ငြင်းဆိုတယ်။

"တိတ်တိတ်နေစမ်း" မီဂါက အရမ်းကို ဒေါသထွက်စွာနဲ့ အော်လိုက်တယ်။ မွန်းလွဲပိုင်းရဲ့ နေအပူရှိန်က မီဂါ့ကျောပြင်ပေါ် ချစ်ချစ်တောက်ပူလောင်စွာနဲ့ ကျရောက်နေပါပြီ။

နေက တဖြည်းဖြည်းမြင့်လာလေ မီဂါရဲ့ဒေါသတွေက ပိုပြီးတလိမ့်လိမ့်တက်လာလေပေါ့။

"ကဲ . . .ပိုးစုန်းကြူးမ၊ ဘာကြောင့် အခုလိုလုပ်ရတာလဲဆိုတာ ရှင်းပြစမ်း။ မင်းမနေ့ညတုန်းက ပက်ကျိရဲ့အိမ်နားကို မီးတွေသယ်လာတယ်ဆို"

မီဂါရဲ့စကားကြောင့်ပိုးစုန်းကြူးမရဲ့တောင်ပံတွေ ရုတ်တရက်ငြိမ်ကျသွားခဲ့တယ်။ သူမရဲ့မျက်နှာက အရမ်းကိုညှိုးငယ်နေတယ်။ သူမ အရမ်းကိုကြောက်နေပြီး တစ်ကိုယ်လုံးလှုပ်လို့တောင်မရတော့ပါဘူး။

mgyoe.com

mgyoe.com


"အိုင် . . .အိုင် . . .အိုင်" ပိုးစုန်းကြူးမက စကားပြောဖို့ အစပြုလိုက်တယ်။ ဒါပေမဲ့ ကြောက်စိတ်ကြောင့် အထစ်ထစ် အငေါ့ငေါ့ ဖြစ်နေရှာတာပေါ့။

"ဟဲ့ . . .ပိုးစုန်းကြူးမ၊ စကားကိုကောင်းကောင်းပြောစမ်း။ ငါက တစ်နေကုန် အချိန်ရတာမဟုတ်ဘူး"

မီဂါက စိတ်မရှည်တော့ဘဲ အော်ပစ်လိုက်တယ်။

"အိုင် . . .အိုင်"ပိုးစုန်းကြူးက နောက်တစ်ကြိမ်ကြိုးစားတယ်။

"ကျွန်မက ခြင်တွေကို အဝေးရောက်အောင် မောင်းထုတ်နိုင်ဖို့ ကျွန်မရဲ့ခန္ဓာကိုယ်မှာရှိနေတဲ့ မီးကိုဖွင့်ရတာပါ။ ခြင်တစ်ကောင်က ကျွန်မကို ကိုက်ဖို့ကြိုးစားနေတာလေ"

ပိုးစုန်းကြူးပြောပြတဲ့ ဇာတ်လမ်းက မီဂါ ယုံလောက်အောင် အပြစ်ရှာစရာ မရှိပုံပေါ်ပါတယ်။ ဒါပေမဲ့ ဒါဟာ ခြင်ကိုဖမ်းဖို့ မီဂါ က ကဂမ်းကို အမိန့်မပေးခင်အထိပါပဲ။

"ကျွန်တော်မျိုး ခြင်ကို အပြီးဖမ်းပေးရမလား အရှင်မင်းကြီး" ကဂမ်းက ပင်ပန်းနွမ်းလျတဲ့လေသံနဲ့ မီဂါကိုလျှောက်တင်လိုက်တယ်။

"အိမ်း . . .အခုချက်ချင်း ငါ့ဆီဖမ်းခေါ်လာခဲ့"

မီဂါက ဒေါသထွက်ထွက်နဲ့ သူ့လက်မကြီးတွေကို တဂျွမ်းဂျွမ်း မြည်အောင်ရိုက်လိုက်ရင်း အမိန့်ပေးလိုက်တယ်။

ပိုးစုန်းကြူး ပျံသွားတဲ့အချိန်မှာ ကဂမ်းက ခြင်ကိုတွေ့အောင် တာဝန်ကျေစွာနဲ့ လိုက်ရှာပေးတယ်။

မွန်းလွဲချိန်နှောင်းပိုင်းရောက်တော့ သူက တကျည်ကျည် အော်မြည် ဝဲပျံနေတဲ့ခြင်နဲ့အတူ ပြန်ရောက်လာခဲ့တယ်။

mgyoe.com

mgyoe.com


"ဟဲလို . . .ဘုရင်ကြီး၊ ကျွန်တော်မျိုးကို ဘာကြောင့်ဒီနေရာကို ဖိတ်ခေါ်ရတာလဲ" ခြင်က ဘုရင်ကြီးမိဂါ ထိုင်နေတဲ့နေရာဆီကို တကျည်ကျည်မြည်သံနဲ့ ဝဲပျံသွားရင်းနဲ့ မေးလိုက်တာပါ။

မိဂါက ခြင်တွေရဲ့တကျည်ကျည်အသံနဲ့ ဝဲပျံတာကို လုံးဝမနှစ်သက်ပါဘူး။ ပြီးတော့ ခြင်ရဲ့ပုံစံကို ကြည့်ရတာ သူ့ကိုကြောက်ပုံမရမှန်း မိဂါ သိလိုက်တယ်။

ဒီတော့ မိဂါက သူ့လက်မ လက်သည်းကြီးတွေကို အသံကျယ်အောင် ပြင်းပြင်းရိုက်ပြီး ခြင်ကြောက်သွားအောင် ခြောက်လှန့်လိုက်တယ်။

"မင်း ဘာကြောင့် ပိုးစုန်းကြူးကိုကိုက်ဖို့ ကြိုးစားရတာလဲ" ကဏန်းဘုရင်ကြီးမိဂါရဲ့ အမေးကို ခြင်က ရယ်မောလှောင်ပြောင်လိုက်ပြီး မိဂါရဲ့အနားကို ပိုပြီးနီးအောင်သွားပြီး ဝဲနေလိုက်တယ်။ ပြီးတော့–

"ကျုပ်က ခြင်တစ်ကောင်နော်၊ ကျုပ် အဲဒီလိုလုပ်ခဲ့တာတော့ အမှန်ပဲ"

"မင်းကို အပြစ်ပေးရမယ်" မိဂါက ဒေါသကြောင့် မျက်လုံးတွေ မီးဝင်းဝင်းတောက်နေတယ်။

နောက်က ခြင်ကလေထဲကို လျင်မြန်စွာပျံတက်သွားပြီး မိဂါရဲ့ ယာဘက်မျက်လုံးကို သူ့ရဲ့သွေးစုပ်ဆူးတံနဲ့ ထိုးလိုက်တယ်။ မျက်လုံးနှစ်ဖက်ဟာ ကဏန်းတွေရဲ့ အနူးညံ့ဆုံးအစိတ်အပိုင်းတွေဆိုတာကို ခြင်က သိတယ်လေ။

ခြင်ရဲ့ထိုးနှက်တိုက်ခိုက်မှုကြောင့် မိဂါက "အား"ခနဲအော်ပြီး နာကျင်စွာ ခံစားလိုက်ရတယ်။ မိဂါရဲ့မျက်လုံးက နီရဲလာပါပြီ။

mgyoe.com

mgyoe.com


"ကဂမ်း၊ အဲဒီကြမ်းပိုးလေးကို သတ်လိုက်စမ်း" မီဂါက အသံကုန်အော်ပြီး အမိန့်ပေးပါပြီ။ ဒီအချိန်မှာ ကဂမ်းလည်း အမှန်တကယ်ကို ပင်ပန်းနွမ်းနယ်နေပါပြီ။ ဒါပေမဲ့လည်း ကဂမ်းက သူ့မှာ ရှိသမျှခွန်အားတွေကို စုစည်းပြီး သူ့ရဲ့လက်မကြီးတွေကို အားယူ မြှောက်လိုက်တယ်။

ဒီအချိန်မှာ သူ့ရဲ့လက်မတစ်ဖက်က အားအရမ်းနည်းနေပြီဆိုတာကို သူသိလိုက်တယ်။

ခြင်ကတော့ ရယ်ပြီးရင်း ရယ်နေတော့တာပေါ့။ ခြင်က ကဂမ်းရဲ့ လက်မလက်သည်းတွေ ကြားထဲကိုတောင် ဝင်ရဲပြီး သူ့ကို လှောင်ပြောင်နေသတဲ့။

ဒီလိုနဲ့ ခြင်က ဦးတည်ရာမဲ့လျှောက်ပျံသန်းနေတုန်း ကဂမ်းက ရုတ်တရက်သူ့ကိုဖမ်းမိသွားခဲ့တယ်။ ကဂမ်းက လက်မနဲ့တစ်ချက်တည်းမိအောင်ဖမ်းလိုက်တာပါ။

ခြင်က ရယ်သံရပ်သွားပြီး မြေကြီးပေါ်ပြုတ်ကျလာတယ်။ သူအသက်မဲ့သွားပါပြီ။ နောက်တော့ ဘယ်ကထွက်လာမှန်းမသိတဲ့ ခြင်တပ်ဖွဲ့ကြီးက တကျည်ကျည်အော်သံတွေနဲ့အတူ ရုတ်တရက် ရောက်လာပြီး မီဂါနဲ့ ကဂမ်းတို့ရဲ့ မျက်လုံးတွေကိုသူတို့ရဲ့ ချွန်ထက်တဲ့သွေးစုပ်ဆူးတံတွေနဲ့ ထိုးနှက်တိုက်ခိုက်ကြပါတော့တယ်။

ကဏန်းတွေကလည်း ခြင်တွေကိုပြန်ပြီး တိုက်ခိုက်ကြတယ်။

ဒါပေမဲ့ မီဂါရဲ့ခွန်အားကြီးမားလှတဲ့ လက်သည်းတွေက အသုံး မဝင်တော့ပါဘူး၊ ခြင်တွေက အရမ်းလည်းသေးသလို မြန်လည်း အရမ်းမြန်စွာ တိုက်ခိုက်ကြတယ်။

နောက်ဆုံးတော့ မီဂါနဲ့ ကဂမ်းလည်း လက်လျှော့လိုက်ပြီး

mgyoe.com

mgyoe.com


သူတို့ရဲ့တွင်းထဲကို အမြန်ပြေးဝင်ခဲ့ကြတယ်။ ခြင်တပ်ဖွဲ့ကြီးက တော့ သူတို့နောက်ကနေ အနီးကပ်ဆုံးလိုက်လာပါတယ်။

မြေအောက်နက်နက်ထဲက သူတို့အိမ်တွေဆီကို ဘေးကင်း လုံခြုံစွာ ရောက်သွားတာကြောင့် ခြင်တွေက မီဂါနဲ့ ကဂမ်းကို ဖမ်းမိဖို့ မတတ်နိုင်တော့ပါဘူး။ နှစ်ပေါင်း ၁၀၀၀ လောက်ကြာပြီး ယနေ့ကာလရောက်တဲ့အထိ ခြင်တွေဟာ ကဏန်းတွေထွက်လာ မှာကို ဆက်ပြီးစောင့်နေကြတုန်းပါ။ ဒီတော့ ခြင်တွေဟာ ကျွန်ုပ်တို့ရဲ့နားပေါက်တွေကိုတွေ့တိုင်း မီဂါနဲ့ ကဂမ်းတို့ရဲ့ ကဏန်းတွင်းတွေကို အမှတ်ရနေကြတုန်းပေါ့။ ဒါကြောင့်လည်း ခြင်တွေဟာ ကျွန်ုပ်တို့ရဲ့ နားတစ်ဝိုက်မှာ တကျည်ကျည်အော် မြည်ဝဲပျံတက်လေ့ ရှိပါတယ်။

❑

mgyoe.com

mgyoe.com


# ကြောက်စရာကောင်းတဲ့ ဘီလူးကြီး



"ကျေးဇူးပြုပြီး ကျွန်မကို နာအောင်မလုပ်ပါနဲ့ရှင်" ပုစဉ်းမလေး တူတူဘီက တုန်ယင်ကြောက်လန့်စွာနဲ့ ပြောလိုက်တယ်။

ဒါပေမဲ့ လုပစ်လို့ခေါ်တဲ့ ရုပ်ဆိုးတဲ့ဘီလူးကြီးက တဟားဟားနဲ့ ရယ်လိုက်တယ်။ ဘီလူးကြီးက အမြင့်ဆုံးအုန်းပင်လောက်အထိ အရပ်ရှည်တယ်။ သူက ပုစဉ်းမလေး တူတူဘီကို လက်နဲ့ကိုင်ပြီး သူ့ရဲ့အမွေးအမှင်တွေများစွာရှိနေတဲ့ မျက်နှာအနားကို ကပ်ထားလိုက်သတဲ့။ ဒီအခါ ပုစဉ်းမလေး တူတူဘီရဲ့ နူးညံ့တဲ့အမြီးက သူ့ရဲ့ လက်မနဲ့ လက်ညှိုးကြားမှာ မိနေတယ်။

သူမက ဘီလူးကြီးရဲ့ ကြီးမားနက်မှောင်နေတဲ့မျက်လုံးတစ်လုံးထဲကို ကြည့်လိုက်ပြီး တစ်ကိုယ်လုံးတုန်ယင်စွာနဲ့ အခုလိုပြောလိုက်တယ်။

"ကျွန်မ ရှင့်ကို တောင်းပန်ပါတယ်။ ကျေးဇူးပြုပြီး ကျွန်မကို

mgyoe.com

mgyoe.com


လွှတ်ပေးပါရှင်” လုပစ်က နောက်တစ်ခါထပ်ရယ်လိုက်ပြန်တယ်။

သူ့အသံနက်ကြီးနဲ့ ရယ်လိုက်တဲ့အသံက တောင်ကုန်းစိမ်းတွေပေါ်မှာ ဟိန်းသွားသတဲ့။

“မင်းဆီမှာ အခုလိုလှပတဲ့ တောင်ပံလေးတွေရှိတယ်နော်။ မင်း အတွက်တောင်ပံနှစ်ဖက်စလုံး မလိုပါဘူး၊ ဟုတ်တယ်မဟုတ်လား”

ဘီလူးကြီးက အခုလိုပြောပြီး ပုစဉ်းမလေး တူတူဘီရဲ့ ကြည်လင်ပြီး အလင်းဖောက်နိုင်တဲ့ တောင်ပံတစ်ဖက်ကို ဆွဲဖြုတ်ပစ်လိုက်တယ်။

“အား . . . နာလိုက်တာရှင်” တူတူဘီက နာလွန်းလို့ ငယ်သံပါအောင် အော်လိုက်တယ်။

ဒီလိုနဲ့ တူတူဘီက လေထဲမှာ ကျွမ်းထိုးမှောက်ခုံဖြစ်သွားသလို ခံစားလိုက်ရပြီး မြက်ခင်းထဲကို ကျသွားခဲ့တယ်။ တကယ်တော့ ဘီလူးကြီးက သူမကို ခါချလိုက်တာပါ။ အခုတော့ လုပစ်က သူ့အိမ်ရှိရာ တောင်ကုန်းထိပ်ဆီ တက်သွားပါတော့တယ်။

ဘီလူးကြီးမှာ အိမ်အကြီးကြီးတစ်လုံးရှိတယ်။ အနီးတစ်ဝိုက်တောနေသတ္တဝါတွေအားလုံးက သူ့ကိုမုန်းနေကြတာကြောင့် သူ့ဘာသာ တစ်ယောက်တည်းနေသတဲ့။

လုပစ်က ပုတ်သင်ညိုတွေ၊ အိမ်မြှောင်တွေရဲ့ အမြီးကို ဖြတ်ရတာ အရမ်းသဘောကျတယ်။ ပြီးတော့ ပုရွက်ဆိတ်အုံ၊ ခြအုံတွေကို ခြေနဲ့ဆောင့်နင်းရတာ၊ လိပ်ပြာငယ်လေးတွေကို ပလတ်စတစ်အိတ်နဲ့ဖမ်းရတာကို အရမ်းသဘောကျတယ်လေ။ အဲဒီလိုအပြုအမူ တွေအတွက် သူ့မှာ တိကျတဲ့အကြောင်းပြချက်လည်း

mgyoe.com

mgyoe.com


မရှိပါဘူး။

မကြာခင်မှာပဲ အေဟက်စ်ဆိုတဲ့ မြွေရောက်လာပြီး ပေါင်းပင်ရှည်ကြီးတွေကြားမှာ ပိတ်မိနေတဲ့ တူတူဘီကို တွေ့သွားတယ်။

တူတူဘီက လုပစ်ဆိုတဲ့ ဘီလူးကြီး ဘာလုပ်သွားတယ်ဆိုတာကို ငိုယိုပြီးမြွေကိုပြောပြလိုက်တယ်။

အေဟက်စ်က အရမ်းဒေါသထွက်သွားတယ်။ "သူ့ကိုတော့ အပြစ်ပေးမှဖြစ်မယ်။ သူ့ရဲ့ ရက်စက်ညှဉ်းပန်းမှုတွေက အခုလောက်ဆို တော်သင့်ပြီပေါ့" အေဟက်စ် ပြောနေတာတွေကို တူတူဘီက တိတ်ဆိတ်စွာနဲ့ခေါင်းညိတ်လိုက်တယ်။ ပြီးတော့ သူမက အေဟက်စ်ရဲ့ စကားကိုထောက်ခံတဲ့အနေနဲ့ အခုလို ဆက်ပြောလိုက်တယ်။

"သူ လုံးဝမရှိမှပဲ ကျွန်မတို့အားလုံး ပျော်ပျော်ရွှင်ရွှင်နေနိုင်မှာ။ သူကရက်စက်ကြမ်းကြုတ်ပြီး ယုတ်မာတဲ့ ဘီလူးလေ။ အရမ်း လည်း ကြောက်စရာကောင်းတယ်မဟုတ်လား"

အေဟက်စ်က တူတူဘီကို သူ့ကျောပေါ်တင်ပြီး အိမ်ခေါ်သွားခဲ့တယ်။ နောက်တော့ သူ အစီအစဉ်ရေးဆွဲဖို့စဉ်းစားလိုက်တယ်။

"ငါ့ကိုကူညီပေးဖို့ တူကို၊ ပါပါရို၊ ဂိုရမ်တို့ကို ပြောရမယ်။ ဒါမှ အားလုံးစုပေါင်းပြီး ဒီဘီလူးကြီးကိုအပြစ်ပေးနိုင်မှာ" အဲဒီလို စဉ်းစားပြီးတာနဲ့ တူတူဘီ ဆုံးဖြတ်လိုက်တယ်။

နောက်တစ်နေ့ နံနက်စောစောမှာ အေဟက်စ်ကလည်း သူ့ရဲ့ အခြားအစီအစဉ်ကို ပြောပြတယ်။

ဒီအခါ တူကိုဆိုတဲ့ ပုတ်သင်ညိုက "အေး . . . ပြောစမ်းပါ၊ ငါကူညီပါ့မယ်"

mgyoe.com

mgyoe.com


ပါပါရိုဆိုတဲ့ လိပ်ပြာကလည်း စိတ်လှုပ်ရှားစွာနဲ့ တောင်ပံလေးကို တဖျတ်ဖျတ်ခတ်ရင်း "ဒီနေ့ပဲ စကြရအောင်လား"လို့ ထောက်ခံပြောဆိုလိုက်တယ်။ ဂိုရမ်ဆိုတဲ့ ပုရွက်ဆိတ်ကလည်း ကူညီပေးဖို့ သဘောတူလိုက်တယ်။ "ကြောက်စရာကောင်းတဲ့ ဘီလူးကြီးလုပစ်ကို အပြတ်ရှင်းဖို့ကိစ္စ မင်းတို့ဘာပြောပြော ငါ လုပ်ပေးပါ့မယ်"လို့ သူက ဆက်ပြောလိုက်တယ်။

ဒီလိုနဲ့ သူငယ်ချင်း ၄ ယောက်သားက အုန်းသီးခွံထက်ခြမ်းကွဲထဲကိုဝင်ပြီး မြစ်ကိုဖြတ်ကူးရင်း လုပစ်ဆိုတဲ့ဘီလူးကြီးရဲ့အိမ်ကို သွားခဲ့ကြတယ်။ ဘီလူးကြီး အပြင်ထွက်သွားမယ့်အချိန် မွန်းလွဲပိုင်းအထိ သူတို့စောင့်နေလိုက်ကြတယ်။ နောက်တော့ အေးစိမ့်ပြီး လူမရှိတဲ့ အိမ်ကြီးထဲကို သူတို့ဝင်သွားခဲ့ကြတယ်။

"တူကို၊ မင်းက သူ့ရေချိုးခန်းထဲကို ဝင်သွားလိုက်။ ပြီးရင် ဂိုရမ်၊ မင်းက သူ့ပက်လက်ကုလားထိုင်မှာ စောင့်နေလိုက် ကြားလား"လို့ အေဟက်စ်ဆိုတဲ့မြွေက အစီအစဉ်ချလိုက်တယ်။

တူကိုနဲ့ ဂိုရမ်ကလည်း အေဟက်စ်ပြောတဲ့အတိုင်း နေလိုက်ကြတယ်။

ထိုအချိန်မှာ အစီအစဉ်ကို ကောင်းကောင်းသိထားတဲ့ ပါပါရိုက အခုလိုပြောလိုက်တယ်။

"ငါ ဘာလုပ်ရမယ်ဆိုတာသိပြီ၊ ငါက မီးဖိုချောင်ထဲကနေ စောင့်နေရမှာ။ ဟုတ်တယ်မဟုတ်လား အေဟက်စ်"

ပါပါရို၊ ဂိုရမ်၊ အေဟက်စ်နဲ့ တူကိုတို့ ၄ယောက်သားက ဘီလူးကြီးပြန်အလာကို တိတ်ဆိတ်စွာ စောင့်ဆိုင်းနေလိုက်ကြတယ်။

mgyoe.com

mgyoe.com


မကြာခင်မှာပဲ လုပစ် ပြန်ရောက်လာပြီး အရှေ့တံခါးကို ဝုန်းခနဲ တွန်းဖွင့်သံကြားလိုက်ရတယ်။ သူက လက်မှာကိုင်ထားတဲ့ ခေါးကိုစားပွဲပေါ်တင်လိုက်ပြီး ပက်လက်ကုလားထိုင်ဆီကို တန်းတန်းမတ်မတ် သွားလိုက်တယ်။ သူက အပြင်ကပြန်လာ



mgyoe.com

mgyoe.com

တိုင်းခါတိုင်းလိုပဲ ခုံမှာထိုင်ဖို့ သွားတာပါ။ ထိုအချိန်ကုလားထိုင်ရဲ့ ကျောမှီမှာ လုပစ်အလာကို ပုန်းပြီးစောင့်နေတဲ့ ပုရွက်ဆိတ်ဂိုရမ်က ရှိနေသတဲ့။

လုပစ်က ကုလားထိုင်ပေါ်ကျောမှီလိုက်ရင်း ကျယ်လောင်တဲ့အသံနဲ့ သက်ပြင်းချလိုက်တယ်။

ထိုအချိန်မှာ ရုတ်တရက် ဂိုရမ်က သူ့လည်ပင်းကို ခပ်ပြင်းပြင်းလေး နာအောင်ကိုက်လိုက်တော့ "အို"ဆိုတဲ့အသံနဲ့ တစ်ချက်အော်လိုက်တယ်။

"အူး . . . အူး" လုပစ်က နောက်တစ်ကြိမ်ပိုပြီး ကျယ်လောင်တဲ့ အသံနဲ့အော်လိုက်တာ တဖြည်းဖြည်း ငယ်သံတောင် ပါလာသတဲ့။

လုပစ်က မခံမရပ်နိုင်တဲ့အဆုံး ထိုင်ခုံကနေ အမြန်ခုန်ထ လိုက်ပြီး သူ့ရဲ့တုတ်ခိုင်တဲ့လည်ပင်းကြီးကို အရူးအမူးကုတ်ဖွဲ့နေလိုက်တယ်။

သူက အရမ်းကုတ်လိုက်တော့ လည်ပင်းတစ်ခုလုံး တဖြည်းဖြည်း နီသထက်နီလာပြီး သွေးစို့လာပါတော့တယ်။

ဒီတစ်ကြိမ်မှာတော့ ဂိုရမ်က ဘီလူးကြီးရဲ့မေးစေ့ရှိရာကို တက်သွားပြီး မေးစေ့ကိုကိုက်တယ်။ ပြီးတော့ နှုတ်ခမ်းသားတွေကို ကိုက်လိုက်တယ်။ ဘီလူးကြီးလုပစ်က အရမ်းကိုနာလို့အော်တာပေါ့။

နောက်တော့ ဂိုရမ်က လုပစ်ရဲ့ကြီးမားတုတ်ခိုင်လှတဲ့ လက်မောင်းပေါ်ကနေ ကြမ်းပြင်ပေါ်ကို ခုန်ဆင်းလိုက်တယ်။ ဂိုရမ်က သူ့အလုပ်တာဝန်ကို ကောင်းကောင်းကြီး ဆောင်ရွက်ပြီးသွားပြီ
mgyoe.com

mgyoe.com

ပေါ့။

လုပစ်က ရောင်ကိုင်းနေတဲ့ မျက်နှာကြီးနဲ့ မီးဖိုချောင်ထဲကို ဝင်သွားလိုက်တယ်။ သူက ကြောင်အိမ်ကိုဖွင့်ပြီး အိုးတစ်လုံးကို ဆွဲထုတ်လိုက်တယ်။ ဒါကလည်း သူ ခါတိုင်းလိုလုပ်နေကျပါ။ သူက အိုးထဲကို ရေဖြည့်လိုက်တယ်။ ပြီးတော့ ထင်းမီးဖိုပေါ်တင်လိုက် တယ်။ လုပစ်က မီးမွှေးနေတုန်း လိပ်ပြာဖြစ်တဲ့ ပါပါရိုက မီးဖိုအနီးမှာ သူမရဲ့တောင်ပံတွေကို ခပ်ပြင်းပြင်းလေး ခတ်လိုက်တယ်။ တောင်ပံပြင်းပြင်းခတ်မှ ပြာတွေ လေလွင့်ပြီး ဘီလူးကြီးရဲ့ မျက်လုံးထဲကိုဝင်မှာလေ။

"ဝှား" ဆိုတဲ့အသံပါ ပါးစပ်ကထွက်လာပြီး လုပစ်က သူ့မီးခြစ် ကို အောက်ချလိုက်တယ်။ ပြီးတော့ မျက်လုံးထဲ ပြာတွေ



mgyoe.com

mgyoe.com


ဝင်သွား တာကြောင့် လက်နဲ့ပွတ်သပ်နေလိုက်သတဲ့။

လုပစ်က ဒယီးဒယိုင်နဲ့ ဧည့်ခန်းထဲကိုဝင်လာခဲ့လိုက်တယ်။ သူ့နှုတ်ခမ်းတွေမှာ အနီရောင်ဘောလုံးကြီးတစ်လုံးလိုမျိုး ရောင်ကိုင်းစူထွက်နေပါပြီ။ သူက ပြာဝင်နေတဲ့မျက်စိနဲ့ အသေအချာ မမြင်နိုင်တော့လို့ သူဝင်လာတာ ဧည့်ခန်းလား၊ ရေချိုးခန်းလားဆိုတာကို မခွဲခြားနိုင်တော့ပါဘူး။

လုပစ်က သူ့အင်္ကျီကို ချွတ်လိုက်တယ်။ ပြီးတော့ ဖိနပ်ကြိုးဖြည်ဖို့ ခါးကုန်းလိုက်တယ်။

ထိုအချိန်မှာ တူကိုဆိုတဲ့ ပုတ်သင်ညိုက အတတ်နိုင်ဆုံး မြန်မြန်လှုပ်ရှားဖို့ပြင်လိုက်တယ်။

တူကိုက နံရံပေါ်ကို အမြန်ပြေးတက်သွားပြီး လုပစ်ရဲ့ အဝတ်ဗလာဖြစ်နေတဲ့ ကျောကုန်းပေါ်ကို ခုန်ချလိုက်တယ်။

"အား . . .ဘာကြီးလဲ"လို့ ဘီလူးကြီးက ကြောက်လန့်တကြားနဲ့ အော်လိုက်တယ်။ လုပစ်က သူ့ကျောကုန်းမှာ ကပ်နေတဲ့ ပုတ်သင်ညိုကိုခါချနိုင်ဖို့ အမျိုးမျိုးကြိုးစားလိုက်တယ်။

ဒါပေမဲ့ တူကိုက သူ့ရဲ့စုပ်အားကောင်းတဲ့ခြေလက်တွေနဲ့ ဘီလူးကြီးရဲ့အသားထဲကို နစ်ဝင်နေအောင် ချိတ်တွဲထားလိုက်တယ်။

"ငါ့ကျောကုန်းပေါ်က ဆင်းပေးစမ်းပါ" လုပစ်က အသံနက်ကြီးနဲ့ တောင်းဆိုတယ်။ ပြီးတော့ သူ့ရဲ့ကြီးမားတုတ်ခိုင်တဲ့ လက်မောင်းကြီးတွေနဲ့ ပုတ်သင်ညိုကို ကျောကနေခွာချနိုင်အောင် လိုက်ဖမ်းနေလိုက်တယ်။ တူကိုကတော့ ခေါင်းမာမာနဲ့ပဲ ဆက်ပြီး ရှိနေတယ်။ တူကိုက ဘီလူးကြီးကျောကုန်းရဲ့အလယ်တည့်တည့်

mgyoe.com

mgyoe.com


မှာ ရှိနေတာကြောင့် ဘီလူးကြီးရဲ့လက်တွေ မရောက်ရှိနိုင်ဘဲ ဘောင်းကင်းလုံခြုံနေတာပေါ့။

လုပစ်က ယက်ကန်ယက်ကန်ဖြစ်နေတဲ့အချိန်မှာ အေဟက်စ် ဆိုတဲ့မြွေက ပုန်းနေရာကနေ ထွက်လာသတဲ့။ ထိုအချိန်ခဏ အတွင်းမှာပဲ မြွေက တိတ်ဆိတ်စွာနဲ့ ဘီလူးကြီးရဲ့ခြေမကို ပတ် လိုက်ပြီး လျှင်မြန်စွာနဲ့ညှစ်ထားလိုက်တယ်။

"ဗွမ်း"

လုပစ်က ရေချိုးဇလုံထဲ ချော်ကျသွားတယ်။ ရေဇလုံထဲက ရေနဲ့ သူ့မျက်နှာမထိခင် ရေဇလုံနှုတ်ခမ်းစွန်းနဲ့ သူ့ခေါင်းက ပြင်းပြင်း ထန်ထန် ရိုက်မိသွားတယ်။ နောက်တော့ အသံဗလံတွေ အားလုံး တိတ်ဆိတ်သွားတယ်။

နောက်ဆုံးတော့လည်း ဆိုးသွမ်းခက်ထန်ပြီး ကြောက်စရာ ကောင်းလှတဲ့ ဘီလူးကြီးက သေဆုံးသွားခဲ့ရပြီပေါ့။

❑



mgyoe.com

mgyoe.com


# ရသေ့အိုနှင့် တီနစ်ကောင်

ရှေးရှေးတုန်းက ဖြူဖွေးပြီး ရှည်လျားတဲ့မုတ်ဆိတ်မွေးတွေနဲ့ ရသေ့ကြီးတစ်ပါး ရှိသတဲ့။ ရသေ့ကြီးဟာ သူနေထိုင်တဲ့ မည်းမှောင်တဲ့ ဂူထဲမှာ တစ်ချိန်လုံး ဘုရားရှိခိုး၊ တရားထိုင်ရင်းနဲ့ အချိန်ကုန်တတ်တဲ့ သူတော်စင်တစ်ပါးဖြစ်တယ်။

တစ်မနက်မှာ သူ့ဂူထဲက ထွက်ပြီး သစ်သီးတွေ ရှာဖွေစုဆောင်းဖို့ မိုးသစ်တောထဲကို သွားလိုက်တယ်။

"သတိထား" လို့ အော်လိုက်တဲ့အသံကို ရသေ့ကြီးက ကြားလိုက်တယ်။ ရသေ့ကြီးက ရုတ်တရက် စဉ်းစားလို့မရ ဖြစ်သွားတော့



mgyoe.com

mgyoe.com


ဘေးပတ်ဝန်းကျင်ကို လှည့်ကြည့်လိုက်တယ်။ ဒါပေမဲ့ ဘယ်သူမှ မရှိပါဘူး။ ဒီတော့ သူက သစ်သီးတွေကို ခြင်းတောင်းလေးထဲ ဆက်ပြီးထည့်နေတာပေါ့။ သစ်ရွက်လေတိုးသံတွေကို ကြားလိုက်ရတဲ့အချိန်မှာ "အဲဒီမှာပဲ ရပ်နေလိုက်။ ကျုပ်တို့ အပေါ်ကို တက်နင်းမိတော့မယ်"ဆိုတဲ့ စကားသံကို ရသေ့ကြီး ထပ်ကြားရပြန်တယ်။

ရသေ့အိုကြီးက ဆောင့်ကြောင့်ထိုင်လိုက်ပြီး အသံလာရာ သူ့ရှေ့ကအပင်တွေကို အသေအချာကြည့်လိုက်တယ်။

သူက သစ်ရွက်ခြောက်တွေနဲ့ ကျောက်ခဲလေးတွေကို အသာဘေးဖယ်ထားလိုက်တယ်။



"ကျုပ်တို့က ဒီမှာလေ၊ ကျောက်တုံးအောက်မှာ" ဆိုတဲ့ အသံထပ်ပေါ်လာတယ်။ ရသေ့အိုကြီးက ကျောက်တုံးကို လက်နှစ်ဖက်နဲ့ အသေအချာ ကိုင်လိုက်ပြီး စိုစွတ်နေတဲ့ မြေကြီးထဲကနေ အသာမယူလိုက်တယ်။ အောက်မှာတော့ ဝဖြိုးပြီး လူးလွန့်နေတဲ့ တီကောင်နှစ်ကောင်ကို ရသေ့အိုကြီး တွေ့လိုက်ရတယ်။

"ဟဲလို၊ မင်းတို့က ဒီကျောက်တုံးအောက်မှာ ပိနေကြတာလား"လို့

mgyoe.com

mgyoe.com


ရသေ့ကြီးက တီကောင်နှစ်ကောင်ကို နှုတ်ဆက်ရင်းနဲ့ အခုလို မေးလိုက်တာပါ။

"မဟုတ်ပါဘူး၊ ကျောက်တုံးက ကျုပ်တို့ကို မနာကျင်စေဘူး လေ။ သင်ကသာ နာကျင်အောင်လုပ်တော့မှာ" တီကောင် တစ်ကောင်က အခုလိုပြောလိုက်တော့ ရသေ့အိုကြီးက သနားကြင်နာတဲ့ လေသံနဲ့ အခုလို ပြန်ပြောလိုက်တယ်။

"ငါက မင်းတို့ကို ထိခိုက်နာကျင်အောင် မလုပ်ပါဘူးကွယ်။ ငါသွားတဲ့လမ်းမှာ မင်းတို့ ရှိနေလည်း ငါက ကျော်သွားပေးမှာပါ"

ဒီအခါ တီကောင်က ဒေါသထွက်စွာနဲ့ ရသေ့ကြီးကို ပြန်ပြောတယ်။

"ကောင်းပြီလေ၊ ကျုပ်တို့ကို သင်က ကျော်သွားပေမဲ့ သင်သွားတဲ့လမ်းမှာ အခြားသနားစရာကောင်းတဲ့ သတ္တဝါတွေ သင့်ခြေထောက် အောက်ရှိနေရင် နင်းခြေသွားမှာပေါ့"

ရသေ့ကြီးလည်း ဘာပြောရမှန်းမသိဖြစ်သွားပြီး သူ့မုတ်ဆိတ်မွေးကို အသာပွတ်လိုက်တယ်။ "ဟင်း"

တီကောင်က ဆက်ပြောပြန်တယ်။ "သင်က လူသားပဲ။ လူသားတွေအားလုံးက ကျုပ်တို့လို တန်ဖိုးမရှိတဲ့ သတ္တဝါတွေကို နှိပ်စက်တယ်။ အခြားသက်ရှိတွေကို ခင်ဗျားတို့ လူသားတွေက မလေးစား အရေးမထားကြဘူး။ ခင်ဗျားတို့က သစ်ပင်တွေကို ခုတ်လှဲတယ်။ သဘာဝပတ်ဝန်းကျင် ထိခိုက်အောင်၊ လေထု ညစ်ညမ်းအောင် လုပ်ကြတယ်"

"အမ်း" ဆိုပြီး ရသေ့ကြီးက တစ်ချက်စဉ်းစားလိုက်တယ်။ ခဏကြာမှ အခုလိုဆက်ပြောလိုက်တယ်။ "မင်းတို့ပြောတာလည်း

mgyoe.com

mgyoe.com


မှန်ပါတယ်။ လူသားတွေက သဘာဝပတ်ဝန်းကျင်ကို ထိခိုက်အောင်လုပ်တယ်။ ဒီတော့ အဲဒီကိစ္စနဲ့ ပတ်သက်ပြီး မင်းက ဘာများလုပ်ချင်လို့လဲ"

"ဘာလုပ်ချင်လဲ၊ ဘာလုပ်ချင်လဲဆိုတော့" တီကောင်က ဘာပြန်ပြောရမှန်းမသိသေးပါဘူး။

ရသေ့ကြီးက ဆက်ပြောလိုက်တယ်။ "ငါက မင်းနဲ့ မင်းသူငယ်ချင်းကို လူသားအသွင် ပြောင်းပေးနိုင်တယ်။ မင်းတို့ လူတွေကြားထဲမှာ ရှင်သန်နေထိုင်နိုင်ရင် ငါတို့ရဲ့ကမ္ဘာဂြိုဟ်ကို ဘယ်လိုအလေးထားရမယ်ဆိုတာနဲ့ ပတ်သက်ပြီး လူတွေအားလုံးကို သင်ပြပေးနိုင်အောင်လို့ပါ"

အတန်ကြာ စကားပြောဆိုပြီးတဲ့နောက် တီကောင်နှစ်ကောင်က ရသေ့အိုကြီးရဲ့လက်တွေ့စမ်းသပ်မှုကို သဘောတူလိုက်ကြသတဲ့။

ခဏအကြာမှာတော့ ရသေ့အိုကြီးရဲ့ ဖန်ဆင်းနိုင်စွမ်းနဲ့ တီကောင်နှစ်ကောင်ဟာ အမျိုးသားတစ်ယောက်၊ အမျိုးသမီးတစ်ယောက်ရဲ့အသွင် ချက်ချင်းပြောင်းသွားပါတော့တယ်။

လူအသွင်ပြောင်းသွားတဲ့ ကျားမစုံတွဲဟာ ယာလုပ်ငန်းလုပ်ကိုင် တဲ့ ရွာငယ်လေးတစ်ရွာမှာနေထိုင်ကြပြီး သူတို့ကို "ဂီနို" နဲ့ "အန်နာ ဖလောစ်"လို့ သိထားကြသတဲ့။ ရသေ့ကြီးက သူတို့ကို ပေးလိုက်တဲ့ ပိုက်ဆံနဲ့ မြေကွက်လေးတစ်ကွက်ဝယ်ပြီး သက်ငယ်မိုးအိမ်ငယ်လေးတစ်လုံး ဆောက်လုပ်နေထိုင်ကြတယ်။ သူတို့က ခြံထဲမှာ ဝက်အတော်များများနဲ့ ကြက်အနည်းငယ်လောက် ဝယ်ယူပြီး မွေးထားလိုက်သေးတယ်။

mgyoe.com

mgyoe.com


အစပထမမှာတော့ ဂီနီနဲ့ အန်နာဖလောစ်တို့က သူတို့ရဲ့ စိုက်ပျိုးရေး မွေးမြူရေးလုပ်ငန်းတွေကို အရမ်းကြိုးစားလုပ်ကိုင်ကြတယ်။ သူတို့မှာ မိတ်ဆွေအပေါင်းအသင်းတွေလည်း အများကြီး ရှိခဲ့တာပေါ့။

အဲဒီအတောအတွင်း သူတို့မှာ အခွင့်အရေးကောင်းတွေ ရခဲ့တယ်။


mgyoe.com

mgyoe.com


သူတို့ရဲ့မိတ်ဆွေတွေကို သူတို့ တစ်ချိန်တုန်းက ဘယ်လောက်ချမ်းသာတယ်။ သူတို့ရဲ့အရင်နေခဲ့တဲ့ အိမ်က ဘယ်လောက် လှပခမ်းနားတယ်။ မိုးသစ်တောထဲမှာနေခဲ့စဉ်က ဘယ်လောက် သာယာတယ်ဆိုတာတွေကို အများကြီးပြောပြခွင့်ရခဲ့ပါတယ်။

ဂီနိုတို့စုံတွဲက သဘာဝပတ်ဝန်းကျင်ကို လေးစားတတ်ဖို့နဲ့ သက်ရှိသတ္တဝါလေးတွေကို သနားကြင်နာတတ်ဖို့လိုကြောင်း လူတွေကို သင်ပြပြောဆိုပေးနိုင်ဖို့ အခြားမြို့တွေဆီ ခရီးသွားလာခဲ့ကြတယ်။

ဒါပေမဲ့ နောက်ပိုင်းမှာ သူတို့စုံတွဲရဲ့စိုက်ပျိုးမွေးမြူရေးလုပ်ငန်းတွေကို အားစိုက်လုပ်ကိုင်ဖို့လိုအပ်လာတာကြောင့် သူတို့နှစ်ယောက် ခရီးထွက်ပြီး လူတွေနဲ့ စကားပြောဆိုချိန်တွေ နည်းသထက်နည်း လာခဲ့ပါတယ်။

ဒီအခါ သူတို့အလုပ်ပိုလုပ်လေ ပိုက်ဆံပိုရှာနိုင်လေဖြစ်လာတာကြောင့် မကြာခင်မှာပဲ ဂီနိုနဲ့အန်နာတို့နှစ်ယောက်စလုံး သဘာဝပတ်ဝန်းကျင်နဲ့ ပတ်သက်တဲ့ သင်ခန်းစာသင်ကြားရေးတွေကိုပါ မေ့လျော့သွားကြသတဲ့။

ဂီနိုတို့ဟာ မိုးသစ်တောထဲမှာရှိတဲ့ သူတို့အိမ်ကနေထွက်သွားတာ ၁၀ နှစ်ကြာခဲ့ပြီဆိုတော့ သူတို့ရဲ့မှတ်ဉာဏ်ထဲက မိုးသစ်တောလည်း မှေးမှိန်ကွယ်ပျောက်လုနီးပါးဖြစ်လာတာပေါ့။

မကြာခင်မှာပဲ ဂီနိုနဲ့အန်နာတို့စုံတွဲဟာ ယာထဲမှာ အချမ်းသာဆုံးသူတွေဖြစ်လာကြတယ်။ သူတို့ရဲ့မြေကွက်တွေထဲမှာရှိတဲ့ သစ်ပင်တွေကို ခုတ်လှဲပြီး ထုထည်ကြီးမားတဲ့ အိမ်ကြီးရခိုင်ဆောက်လုပ်ဖို့ ဂီနိုတို့က ဆုံးဖြတ်လိုက်တယ်။ အိမ်ကြီး

mgyoe.com

mgyoe.com




အိမ်ကောင်းဆောက်ပြီး သွားတာနဲ့ အပေါင်းအသင်းမိတ်ဆွေတွေ အတွက် ပါတီပေးဖို့လည်း သူတို့က အစီအစဉ်ဆွဲထားကြတယ်။ အိမ်သစ်ပေါ် စတက်နေလိုက် တဲ့ ပထမဆုံးညမှာ ပါတီပွဲကျင်းပဖို့ လူ ၁၀၀ လောက်ကို သူတို့က ဖိတ်ထားလိုက်တယ်။

ပါတီပွဲကျင်းပနေတုန်း အစေခံတစ်ယောက်က အန်နာ့ အနား ကို ရောက်လာပြီး အခုလိုပြောလိုက်တယ်။

"ခြံပေါက်ဝမှာ သူတောင်းစားတစ်ယောက်ရောက်နေပါတယ် သခင်မ။ ကျွန်မ သူ့ကို ထွက်သွားဖို့ပြောတယ်။ ဒါကို သခင်ကို ဖြစ်ဖြစ်၊ သခင်ကြီးကိုဖြစ်ဖြစ် စကားပြောချင်တယ်လို့ မရမက ပြောနေပါတယ်"

"ကောင်းပြီလေ သူ့ကိုစောင့်ခိုင်းထားလိုက်၊ ကြာရင် သူ စိတ်ပျက်ပြီး ထွက်သွားလိမ့်မယ်" လို့ အန်နာက လေထဲမှာ လက် ကို ဝှေ့ယမ်းပြီး ပြောလိုက်တော့ အစေခံမက "ဟုတ်ကဲ့ သခင်မ" လို့ ပြောပြီး ထွက်သွားခဲ့တယ်။

နာရီပေါင်းအတော်ကြာပြီးတဲ့နောက် အန်နာက သူ့ရဲ့ ဧည့်သည်တစ်ယောက်အပြန်ကို နှုတ်ဆက်နေတုန်း ခြံဝမှာ

mgyoe.com

mgyoe.com

သူတောင်းစားက ဆက်စောင့်နေတာကို သတိထားမိသတဲ့။

အန်နာက သူတောင်းစားဆီမသွားဘဲ သူ့ခင်ပွန်းကိုရှာဖို့ ပါတီပွဲလာလူတွေကြားထဲကို လျှောက်လာလိုက်တယ်။

"ဂီနို" အန်နာက သူမရဲ့ဧည့်သည်တွေ မကြားရအောင်လေသံ တိုးတိုးလေးနဲ့ သူ့ခင်ပွန်းကိုခေါ်လိုက်တယ်။

"အပြင်မှာ သူတောင်းစားတစ်ယောက် ရောက်နေတယ်။ သူ အခုထိ မသွားသေးဘူး။ ကျွန်မ ဘာလုပ်သင့်လဲ"

"သူ့ဆီကို ခွေးတွေ လွှတ်ပေးလိုက်"ဂီနိုက အလွယ်တကူပဲ ပြန်ဖြေလိုက်တယ်။

နောက်တော့ ဂီနိုက ပါတီပွဲဘက်ကို ပြန်လှည့်တော့မယ့် အချိန်မှာ ကောင်းကင်ကနေ လျှပ်စီးအလင်းတန်းကြီးတစ်ခု ပေါ်လာပြီး မိုးတွေရွာချပါတော့တယ်။ အပြင်မှာရှိနေတဲ့ ဧည့်သည်တွေအားလုံး အိမ်ထဲကို ဝင်ပြေးကြတယ်။ မကြာခင်မှာပဲ အိမ်ထဲမှာ ရှိနေတဲ့ အရာအားလုံး ရုတ်တရက်ပျောက်ကွယ်သွားသတဲ့။ "အိုး . . .နိုး" ဆိုတဲ့အသံတွေနဲ့အတူ ဧည့်သည်တွေက ကြောက်လန့်ပြီး လမ်းတွေပေါ်တက်ပြေးခဲ့ကြတယ်။

စက္ကန့်ပိုင်းအတွင်းမှာပဲ ဂီနိုနဲ့ အန်နာတို့ နှစ်ယောက်သား လည်း ပေါင်းပင်တွေပတ်လည်ဝိုင်းနေတဲ့ မြေကွက်တစ်ခုအပေါ် မတ်တတ်ရပ်လျက်သား ရှိနေတာကို သူတို့ကိုယ်သူတို့သိလိုက်ကြ သတဲ့။

ဂီနိုက "အန်နာ၊ ဘာတွေဖြစ်သွားတာလဲ စဉ်းစားစမ်းပါဦး။ မင်း ဘယ်လိုထင်သလဲ" လို့မေးလိုက်တယ်။

"ကောင်းလိုက်တာကွာ"ဆိုတဲ့စကားသံနဲ့အတူ သူတောင်းစား
mgyoe.com

mgyoe.com

အိုကြီးက မိုးရေထဲကနေ သူတို့ရှိရာကို ထော့နင်းထော့နင်းနဲ့ လျှောက်လာခဲ့လိုက်တယ်။

"ငါက လွန်ခဲ့တဲ့ ၁၀ နှစ်တုန်းက မင်းတို့ကို လူသားအသွင် ပြောင်းပေးခဲ့တဲ့ ရသေ့အိုကြီးပဲကွ"

အန်နာက ချက်ချင်းဆိုသလို သူတောင်းစားအိုကြီးရှေ့မှာ ဒူးထောက်လိုက်တယ်။ ပြီးတော့ အခုလိုတောင်းပန်တယ်။

"ကျေးဇူးပြုပြီး ကျွန်မတို့ဆီက ဘာမှယူမသွားပါနဲ့ရှင်၊ ကျွန်မတို့နှစ်ယောက် ပင်ပင်ပန်းပန်း အလုပ်လုပ်ခဲ့ကြရတာပါ"

ဒါကိုရသေ့ကြီးက စကားဖြတ်ပြောလိုက်တယ်။

"ကိုယ့်လောက ပတ်ဝန်းကျင်ကို မလေးစားတဲ့ လူသားတွေကို မင်းတို့လို သတ္တဝါတွေကများ ဒေါသထွက်ရသေးတယ်ရှိသေး"

သူတောင်းစားအယောင်ဆောင်ထားတဲ့ ရသေ့အိုကြီးက ဒေါသ ထွက်စွာနဲ့ သူ့လက်ညှိုးကိုထောင်ပြီး ဂီနိုတို့စုံတွဲရှေ့မှာ ယမ်းခါလိုက် တယ်။ "မင်းတို့ကတော့ ဘေးပတ်ဝန်းကျင်မှာရှိတဲ့ သစ်ပင်တွေ အားလုံးကို ခုတ်လှဲပစ်သလို ခွေးသတ္တဝါတွေကိုလည်း သံကြိုးနဲ့ ချည်ထားခဲ့ တယ်မဟုတ်လား။ မင်းတို့ ဒီကိုဘာကြောင့် ရောက်လာ တာလဲဆိုတာကို မေ့သွားပြီ။ ဒီတော့ အခုပဲ မင်းတို့ကို ဘဝဟောင်း ဆီပြန်ပို့ပစ်မယ်" ချက်ချင်းဆိုသလိုပဲ အန်နာနဲ့ ဂီနိုတို့ နှစ်ယောက် စလုံးဝဖြိုးပြီး လူးလွန့်နေတဲ့ တီကောင်နှစ်ကောင်ရဲ့ အသွင်ပြန် ပြောင်းသွားပါသတဲ့။

❑

mgyoe.com

# မိုးနဲ့လေတို့ စစ်ပွဲ



ကောင်းကင်ကြည်လင်ပြီး သာယာတဲ့တစ်နေ့မှာ မိုးကြိုး လျှပ်စီးနဲ့ မိုးတို့က နေသာတဲ့ကောင်းကင်မှာ များစွာရှိနေတဲ့ တိမ်သားစုစု တွေပေါ်မှာ နားနေကြပါသတဲ့။

လေက သူတို့အကြားဝင်ပြီး လှည့်ပတ်ကခုန်ဆော့ကစား တယ်။

လေရဲ့လှုပ်ရှားမှုကြောင့် ကောင်းကင်မှာရှိနေတဲ့ အပြောက် အမွှမ်း အလှအပတွေက နည်းနည်းပျှပ်ခတ်ပြီး ရွေ့လျားသွား တတ် သတဲ့။

"ငါတော့ ပျင်းလာပြီ၊ မုန်တိုင်းတစ်ခုလောက် လုပ်ကြရ အောင်"လို့ လေက ထုတ်ပြောတယ်။

mgyoe.com

mgyoe.com


ဒီတော့ လှျပ်စီးက "ဒါဆို နောက်တစ်နေ့မှ ငါတို့ အကြီးကြီး တစ်လုံးလုပ်ကြတာပေါ့။ ငါ အခု ပင်ပန်းနေလို့ပါ" လို့ ထောက်ပြ တယ်။

"အို: . . .မင်းက ကြည့်လိုက်ရင် အမြဲတမ်း မောနေတာ ချည်းပဲ။ ဒီတော့ မင်း ငါ့လောက်လည်း သန်မှာမဟုတ်ဘူး"

"အေး ဟုတ်တယ် ငါမသန်ဘူး"

လှျပ်စီးက လေရဲ့စကားကို အငြင်းအခုံမလုပ်ဘဲ အလျှော့ ပေးပြီး ပြောလိုက်တယ်။

လေက နောက်တစ်ယောက်ကို ဆက်မေးပြန်တယ်။

"မင်းကော ဘယ်လိုလဲ မိုးကြိုး၊ စိတ်လှုပ်ရှားစရာကောင်း တဲ့ဟာ တစ်ခုခုမွှေနှောက်ချင်သလား"

"မလုပ်ချင်ပါဘူး၊ ငါက လှျပ်စီးအရန်သင့်ဖြစ်တဲ့အထိ စောင့်ရ မှာ" လို့ မိုးကြိုးက ပြန်ဖြေလိုက်တယ်။ လေက ခပ်သုတ်သုတ် လေးတစ်ချက် တိုက်ခတ်လိုက်တယ်။ ဒီတော့ ရုတ်တရက်ဆိုသလို ကောင်းကင်ပြာမှာ ရှိနေတဲ့ တိမ်တွေက ဟိုဒီရွေ့လျားသွားကြတာ ပေါ့။

ဒီအခါ မိုးက စိတ်အနှောင့်အယှက်ဖြစ်စွာနဲ့ အော်လိုက်တယ်။

"ဟေး . . .လေတိုက်တာကို ရပ်လိုက်စမ်းပါ။ ငါတို့ အိပ်ပျော် အောင် ကြိုးစားနေရတဲ့အထဲ"

ဒါကိုလေက တစ်ချက်ရယ်လိုက်ပြီး မိုးကို အရှိန်ပြင်းပြင်းနဲ့ လေပြင်းတစ်ချက်တိုက်လိုက်ရင်း "အခုလို တိုက်လိုက်မှပဲ ငါ ရပ်သွားလို့ရမှာ" လို့ ပြန်ပြောလိုက်သတဲ့။

မိုးက လေကို တောင်းပန်တယ်။ "ကျေးဇူးပြုပြီး တစ်ချက်

mgyoe.com



mgyoe.com

လောက် ငြိမ်ငြိမ်လေးထိုင်နေလို့ မရဘူးလား"

"ထိုင်လို့မရဘူးလေ။ ဘာကြောင့်ဆိုတော့ ငါက လေ မဟုတ်လား။ သဘာဝတရားကြီးရဲ့ ခေတ်ကြီးလေးပါးထဲမှာ ငါက စွမ်းအား အကြီးဆုံးပဲလေ"

"ဒါဆိုလည်း မင်းတခြားမှာသွားတိုက်နေ။ မင်းက စွမ်းအား အကြီးဆုံးဆိုတာ ငါတို့သိထားပြီးပြီ" မိုးက မျက်စိကိုမှိတ်ပြီး

mgyoe.com

mgyoe.com

လေကို ပြောလိုက်တယ်။

မိုးက အဲဒီလိုပြောတာကို လေက သည်းခံစိတ်တွေ ဆက်မထားနိုင်တော့ဘူးဆိုပြီး မိုးကို မုန်းသွားတယ်။ ပြီးတော့ မိုးကို မခံနိုင်အောင် လုပ်ချင်တဲ့စိတ်တွေလည်း များလာသတဲ့။

ဒီလေက ဝင်သက်ကို အားပါးတရရှူ သွင်းလိုက်ပြီး သူ့အကောင်းဆုံးဖန်တီးထားတဲ့ အအေးဆုံးသောလေတွေအဖြစ် ပြန်မှုတ်ထုတ်လိုက်သတဲ့။ ဒီအခါ မိုးက ခိုက်ခိုက်တုန်အောင် ချမ်းသွားတယ်။

"ငါ့ကို အေးအေးဆေးဆေးတော့ နေခွင့်ပေးပါ"

လေကတစ်ချက်မှ အငြိမ်မနေသေးဘဲ "လာပါ . . .၊ ဘယ်သူက အစွမ်းပိုကြီးလဲဆိုတာ ပြိုင်ကြရအောင်"

မိုးက လေကို ဘာအဖြေမှ မပေးပါဘူး။ ဒီတော့ လေက မိုးအပေါ်ကို ပိုပြီးချမ်းနေအောင် လေအေးအေးတွေနဲ့ တိုက်ခတ်လိုက်ပြန်တယ်။

"ကဲ . . .ကဲ ကောင်းပြီ၊ ငါ အခု မအိပ်ချင်တော့ဘူး။ တကယ်လို့ ငါက မင်းကို အနိုင်ရခဲ့ရင် ငါ့ကို မြင်တာနဲ့ မင်းထွက်ပြေးပါ့မယ်လို့ ကတိတော့ပေးရမယ် ဖြစ်မလား"

လေက မိုးရဲ့စကားကို ပျော်ရွှင်ရယ်မောစွာ လက်ခံပြီး ပြန်ပြော လိုက်တယ်။ "အိုကေ စိန်လိုက်လေ။ ငါ မင်းကို နိုင်ခဲ့ရင်လည်း မင်းမျက်ရည်တွေက မြေကြီးပေါ် မကျစေရဘူးလို့ ကတိပေးရမယ်"

ဒါတွေဟာ ကြောက်စရာကောင်းတဲ့ ကတိစကားတွေဖြစ်မှန်း မိုးက ကောင်းကောင်းသိတယ်။ တကယ်လို့ မိုးသာ ဆုံးရှုံးခဲ့ရင်

mgyoe.com

mgyoe.com

မြေပြင်မှာ ရှိနေတဲ့တိရစ္ဆာန်တွေ၊ သစ်ပင်ပန်းပင်တွေ၊ လူသားတွေ အားလုံး သေကြရလိမ့်မယ်။ မြေပြင်မှာ ရှိနေသူအားလုံးက အသက်ရှည်ရပ်တည်ဖို့အတွက် မိုးရဲ့မျက်ရည်ကို လုံးဝ လိုအပ်တယ်လေ။

မိုးက စဉ်းစားတွေးတောပြီး တုံ့ဆိုင်းနေမိတယ်။

ထိုအချိန်မှာ လေက မိုးကို "မင်းဆုံးရှုံးရမှာကို ကြောက်နေပြီလား" လို့ မခံသာအောင်မေးတော့ မိုးက သူ့ရဲ့သံသယစိတ်တွေကို ဘေးဖယ်ပြီး "နိုး . . . ငါ ဘာလို့ကြောက်ရမှာလဲ၊ ငါက မင်းကို ရိုက်ပစ်မှာ" လို့ ပြန်ချေပလိုက်တယ်။

နောက်တော့ လေက စိတ်လှုပ်ရှားစွာနဲ့ "ကဲ အခု ကမ္ဘာမြေပြင်ပေါ် ဆင်းကြရအောင်"လို့ ပြောလိုက်သတဲ့။

မိုးကလေရဲ့ နောက်ကလိုက်ပြီး ကမ္ဘာမြေပြင်ပေါ်ဆင်းခဲ့လိုက်တယ်။ လျှပ်စီးနဲ့ မိုးကြိုးတို့ကိုတော့ အပေါ်မှာအနားယူဖို့ ချန်ထားခဲ့တယ်။ မကြာခင်မှာပဲ ဝါးပင်ထိပ်ဖျားပေါ် ရောက်နေတဲ့ မျောက်တစ်ကောင်ကို မြင်လိုက်ကြသတဲ့။

"ဟိုက မျောက်ကို မင်းတွေ့လား။ အဲဒီ အပင်ပေါ်ရောက်နေတဲ့ မျောက်ကိုအောက်ပြုတ်ကျအောင် လုပ်ပေးနိုင်ရင် မင်းနိုင်ပြီ"လို့ မိုးက လေကို စိတ်ဆိုးမပြေသေးတဲ့ လေသံနဲ့ ပြောလိုက်တယ်။

ဒါကိုလေက ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိစွာနဲ့ ပြန်ပြောတယ်။

"ပြဿနာမရှိပါဘူး။ ငါက ဟာရီကိန်းမုန်တိုင်း၊ လေဆင်နှာမောင်းနဲ့ တိုင်ဖွန်းမုန်တိုင်းတွေကို လုပ်နိုင်တယ်။ အဲဒီမျောက်

mgyoe.com